# ၁၃. သောဘဏာစေတသိက်များ (၂)

# ဝိရတိစေတသိက်



၄၇၊သမ္မာဝါစာ၊

အသက်မွေးဖွယ်၊ မဆက်သွယ်ဘဲ၊ နှုတ်ဝယ်ဖြစ်ထိုက်၊ ဒုစရိုက်လျှင်၊ စွန့်ပယ်ကြဉ်၊ ခေါ်တွင် သမ္မာဝါစာတည်း။

၄၈၊ သမ္မာကမ္မန္တ၊

အသက်မွေးဖွယ်၊ မဆက်သွယ်ဘဲ၊ ကိုယ်ဝယ်ဖြစ်ထိုက်၊ ဒုစရိုက်လျှင်၊ စွန့်ပယ်ကြဉ်၊ ခေါ်တွင် သမ္မာကမ္မန္တတည်း။

၄၉၊ သမ္မာအာဇီဝ၊

အသက်မွေးမှု၊ ကိုယ်နှုတ်ပြုဖို့၊ ရှေးရှုတိုက်ရိုက်၊ ဒုစရိုက်လျှင်၊ ပယ်ရှောင်ကြဉ်၊ ခေါ်တွင် သမ္မာအာဇီဝတည်း။

# အပ္ပမညာ



၅၀၊ ကရုဏာ၊

ဒုက္ခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော်စင်များ၊ စိတ်ခြောက်ခြား၍၊ သနားသမှု၊ လှုပ်အောင်ပြု၊ မှတ်ရှု ကရုဏာတည်း။

၅၁၊ မုဒိတာ၊

သုခိတလျှင်၊ သတ္တဝါမြင်သော်၊ သူတော်စင်များ၊ ဝမ်းမြောက်ငြား၊ မှတ်သား မုဒိ သဘောတည်း။

# ပညိန္ဒြေ



၅၂၊ ပညာ၊ (အမောဟ)

သူငယ် အသပြာ၊ မြင်သောအခါဌ်၊ ညိုဝါအရွေ၊ သိလေမှန်စွာ၊ အသပြာဟု၊ သေချာမသိ၊ ဂါမိကဟူ၊ ရွာသူမူကား၊ ဖြူဝါတစ်ထွေ၊ ညိုရွှေငှင်း၊ တစ်ကြောင်း အသပြာ၊ သိရုံသာတည်း၊ တန်ရာအဂ္ဃ၊ မည်မျှအဖိုး၊ သိရိုးမရှိ၊ ဟေရညိက၊ နာမအမည်၊ ပန်းတိမ်သည်ကား၊ တပါးမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကို၊ အကုန်မှန်စွာ၊ သိလေရာ၏၊ သညာ ဝိညာဏ်၊ ပညာယှဉ်လျက်၊ ဤသုံးချက်နှင့်၊ ယထာဂ္ဂမ၊ တူလေစွဟု၊ မိန့်ဟ ဋီကာဆိုသတည်း။

# စေတသိက် အနှစ်ချုပ်

| | | | |
|---|---|---|---|
| ၇ သဗ္ဗစိတ္တသာဓာရဏ | ဖဿ - ထိတွေ့ | ဝိတက် - တင်ပေး | ၆ ပကိဏ္ဏက |
| | ဝေဒနာ - ခံစား | ဝိစာရ - သုံးသပ် | |
| | သညာ - မှတ်သား | အဓိမောက္ခ - ဆုံးဖြတ် | |
| | စေတနာ - စေ့ဆော် | ဝီရိယ - အားထုတ် | |
| | ဧကဂ္ဂတာ - တည်ကြည် | ပီတိ - နှစ်သက် | |
| | ဇီဝိတိန္ဒြိယ - နာမ်သက်စောင့် | ဆန္ဒ - ပြုလိုကာမျှ | |
| | မနသိကာရ - နှလုံးသွင်း | | |

# စေတသိက် အနှစ်ချုပ်

| | | | |
|---|---|---|---|
| မောဟ - တွေဝေ<br>အဟိရိက - အရှက်မဲ့<br>အနောတ္တပ္ပ - အကြောက်မဲ့<br>ဥဒ္ဓစ္စ - ပျံ့လွင့် | သဗ္ဗာကုသလ | လောဘ - လိုချင်/သိမ်းပိုက်<br>ဒိဋ္ဌိ - အယူမှား<br>မာန - ထောင်လွှားမောက်မာ | လောဘအုပ်စု |
| ဒေါသ - ကြမ်းတမ်း ပြစ်မှား<br>ဣဿာ - မနာလို<br>မစ္ဆရိယ - တွန့်တိုစေးနဲ<br>ကုက္ကုစ္စ - နောင်တရမှု | ဒေါသအုပ်စု | ထိန - စိတ်ထိုင်းမှိုင်း<br>မိဒ္ဓ - စေတသိက်ထိုင်းမှိုင်း<br>ဝိစိကိစ္ဆာ - ယုံမှား/မယုံကြည် | နောက်ဆုံး ၃ ခု |

# စေတသိက် အနှစ်ချုပ်

| | | | |
|---|---|---|---|
| သောဘနသာဓာရဏ ၁၉ | သဒ္ဓါ - ယုံကြည်<br>သတိ - အမှတ်ရ<br>ဟိရီ - ရှက်<br>ဩတ္တပ္ပ - ကြောက်<br>အလောဘ - မသိမ်းပိုက်<br>အဒေါသ - မပြစ်မှား<br>တတြမဇ္ဈတ္တတာ - ညီမျှ | **ကာယ-စိတ္တ ၂ ပါးတွဲ ၆ စုံ**<br>ကာယ/စိတ္တပဿဒ္ဓိ (ငြိမ်းအေး)<br>ကာယ/စိတ္တလဟုတာ (ပေါ့ပါး)<br>ကာယ/စိတ္တမုဒုတာ (နူးညံ့)<br>ကာယ/စိတ္တကမ္မညတာ (အခန့်သင့်)<br>ကာယ/စိတ္တပါဂုညတာ(အသားကျ/ကျွမ်း)<br>ကာယု/စိတ္တုဇ္ဇုကတာ (ဖြောင့်မတ်) | |
| ဝိရတီ ၃ | သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ |
| အပ္ပမညာ ၂ | ကရုဏာ | မုဒိတာ | |
| ပညိန္ဒြေ ၁ | ပညာ | | |